The Leave and Holidays (Amendment) Act 1951.
(Act No LXVII of 1951)

# ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၆၇။]

အောက်ပါအတိုင်း အက်ဥပဒေ အဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ် ပိတ်ရက် (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

(၂) ဤ အက်ဥပဒေ သည်၊နိုင်ငံတော်သမတက အမိန့်ကြော်ငြာစာ ထုတ်ပြန် သတ်မှတ်သည့်နေ့ရက်တွင် အာဏာတည်ရမည်။

၂။ ။နောက်တွင် '' အဆိုပါ အက်ဥပဒေ '' ဟု ရည်ညွှန်းသည့်၊ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေ ပုဒ်မ ၇ တွင်၊ '' ပုဒ်မ ၅ '' ဆိုသည့် စကားရပ်အစား '' ပုဒ်မ ၆ '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၈ တွင်—

(က) '' ပုဒ်မ ၄ နှင့် ပုဒ်မ ၆ ''ဆိုသည့်စကားရပ်အစား '' ပုဒ်မ ၄၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၆ '' ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်၊ ထို့ပြင်

(ခ) '' ဆေးလက်မှတ်ခွင့်ရက်ကို၊ သို့တည်းမဟုတ် ရှောင်တခင်ခွင့်ရက်ကို '' ဆိုသည့် စကားရပ်အစား '' ရှောင်တခင် ခွင့်ရက်ကို၊ သို့တည်းမဟုတ်ဆေးလက်မှတ် ခွင့်ရက်ကို '' ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

G.U.B.C.P.O.—No. 143, M. of J.A. 25-2-52—2,000—II.

Price,—One anna.]